# Hard Conversations

## ရည်ရွယ်ချက်

ဒီသင်တန်းက အမှုတော်လုပ်ငန်းမှာ ခက်ခဲတဲ့ဆွေးနွေးမှု စကားဝိုင်းများရဲ့ အရေးပါမှုကို အဓိကထားပါတယ်။ ဒီစကားဝိုင်းတွေဟာ ခက်ခဲပေမယ့် လူတစ်ဦးချင်းနှင့် အမှုတော်လုပ်ငန်းတစ်ဖွဲ့လုံးရဲ့ ဝိညာဉ်ရေးရာ ကြီးထွားမှုနှင့် ရင့်ကျက်မှုအတွက် အလွန်အရေးကြီးပါတယ်။ ဒီဗီဒီယိုမှာ ခေါင်းဆောင်တွေ ပြင်ဆင်ထားရမယ့် ခက်ခဲတဲ့ စကားပြောဆိုမှု အမျိုးအစား ငါးမျိုးကို ဆွေးနွေးထားပါတယ်။ အဲဒါတွေကတော့ အကူးအပြောင်းအတွက် ပြောဆိုရသည့် စကားဝိုင်းများ၊ အကျင့်စရိုက်နှင့် ပတ်သက်ပြီးပြောဆိုရသည့် စကားဝိုင်းများ၊ ပြဿနာတစ်ခုခုကိုင်တွယ်ဖြေရှင်းရန် ပြောဆိုရသည့် စကားဝိုင်းများ၊ ဝန်ချတောင်းပန်ခြင်းနှင့် ပတ်သက်ပြီး ပြောဆိုရသည့် စကားဝိုင်းများနှင့် ကြားဖြတ်အမှားပြင်ဆင်ပေးခြင်းတို့ ဖြစ်ပါတယ်။ ဒီလိုစကားဝိုင်းတွေကို အမှန်တရားနှင့် မေတ္တာဖြင့် ချဉ်းကပ်မယ်ဆိုရင် ခေါင်းဆောင်တွေဟာ ကျန်းမာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ အမှုတော်လုပ်ငန်း ပတ်ဝန်းကျင်ကောင်းတစ်ခုကို ပျိုးထောင်နိုင်မှာဖြစ်တယ်။

## အကျဉ်းချုပ်

- ခက်ခဲစွာပြောဆိုရသော စကားဝိုင်းများရဲ့ အရေးပါမှု
- ခက်ခဲသောစကားဝိုင်းငါးမျိုး
    - အကူးအပြောင်းအတွက် ပြောဆိုရသည့် စကားဝိုင်းများ
    - အကျင့်စရိုက်နှင့် ပတ်သက်ပြီးပြောဆိုရသည့် စကားဝိုင်းများ
    - ပြဿနာတစ်ခုခုကိုင်တွယ်ဖြေရှင်းရန် ပြောဆိုရသည့် စကားဝိုင်းများ
    - ဝန်ချတောင်းပန်ခြင်းနှင့် ပတ်သက်ပြီး ပြောဆိုရသည့် စကားဝိုင်းများ
    - ကြားဖြတ်အမှားပြင်ဆင်ပေးခြင်း
- ခေါင်းဆောင်တွေလည်း ခက်ခဲတဲ့ စကားတွေ လိုအပ်တယ်

## ကိုးကားထားသောကျမ်းပိုဒ်များ

ဖေက် ၄:၁၅

နောက်ထပ်လေ့လာရန် မေးခွန်းများ

၁။ ခက်ခဲစွာပြောဆိုရတဲ့ စကားဝိုင်းအမျိုးအစား ၅ ခုထဲက ဘယ်တစ်ခုက သင့်အတွက် အခက်ခဲဆုံးလို့ ထင်ပါသလဲ။ ဘာကြောင့်လဲ။

၂။ ခက်ခဲတဲ့ စကားဝိုင်းတွေမှာ ပိုမိုထိရောက်စွာ ပြောဆိုနိုင်ဖို့အတွက် သင့်ဘဝရဲ့ ဘယ်နယ်ပယ်တွေမှာ တိုးတက်ဖို့ လိုအပ်ပါသလဲ။

၃။ ခက်ခဲတဲ့ စကားဝိုင်းတွေကို တိုးတက်မှုအတွက် အခွင့်အလမ်းတွေအဖြစ် ရှုမြင်တဲ့ အလေ့အထတစ်ခုကို သင့်ရဲ့ အမှုတော်လုပ်ငန်းအတွင်းမှာ ဘယ်လိုဖန်တီးနိုင်မလဲ။

**ဆက်လက်လေ့လာရန်ကျမ်းများ**

မဿဲ ၁၈:၁၅–၁၇

ဂလာတိ ၆:၁–၂

ယာကုပ် ၅:၁၆

သုတ္တံ ၂၇:၆